# သာမန်ကာလ တတိယတနင်္ဂနွေနေ့

ရှင်လုကာ ၁း၁-၄၊ ၄း၁၄-၂၁

ယနေ့ဖတ်ရတဲ့ကျမ်းစာ (၃)စောင်စလုံးမှာ နှုတ်တော်ထွက်စကားရဲ့ ထိရောက်ပုံ၊ အစွမ်းထက်ပုံတွေကို ဖော်ပြထားပါတယ်။ ဘုရားသခင်ရဲ့ စကားတော် မပြောပါနဲ့အုံး၊ လူရဲ့စကားတွေလည်း တော်တော်အရာရောက်ပါတယ်။ အားပေးတဲ့စကားကြောင့် လူဟာ အားတက်သွားတယ်၊ စကားကြောင့် လူဟာ ဒေါသပြေသွားတယ်။ စကားကြောင့် မျှော်လင့်ချက်တွေ ရှင်သန်လာတယ်။ စကားကြောင့် ချစ်လာတယ်။ စကားကြောင့် ဝမ်းမြောက်လာတယ်။ ကျနော်တို့မှာ အဲ့လို အပြုသဘောဆောင်တဲ့စကားတွေ များများကြားရဖို့လိုပါတယ်။ စကားက ကျနော်တို့ဘဝကို ပြောင်းလဲစေနိုင်တယ်။ စကားက ကမ္ဘာကြီးကို ပြောင်းလဲသွားနိုင်တယ်။ ကိုယ့်ဒုက္ခအခက်အခဲအကြောင်း သူငယ်ချင်းကို ရင်ဖွင့်ပြောပြလိုက်ရရင် စိတ်ထဲပေါ့သွားတယ်။ အားရှိလာတယ်။

တစ်ဖက်မှာလည်း စကားက ကျနော်တို့ကို ဖျက်ဆီးနိုင်တယ်။ ကြမ်းတမ်းတဲ့စကားကြောင့် လူဟာ မှိုင်ကျသွားတယ်။ တစ်နေကုန် မပျော်တော့ဘူး။ စိတ်ပျက်လက်ပျက်ဖြစ်သွားစေတယ်။ အပြစ်တင်ဝေဖန်တဲ့စကား ကြားလိုက်ရရင် စိတ်ထိခိုက်ရတယ်။ စိတ်ဆိုးတဲ့စကားကြောင့် ကျနော်တို့ မခေါ်နိုင်မပြောနိုင် ဖြစ်ကြရပြီ။ စကားက ကျနော်တို့ဘဝတွေကို လွှမ်းမိုးထားတယ်။ ဒါကြောင့် စကားပြောတဲ့အခါ သူတစ်ပါးကို စိတ်မထိခိုက်စေအောင် နူးညံ့သိမ်မွေ့တဲ့စကား၊ အပြုသဘောဆောင်တဲ့စကား၊ အားတက်စေမည့်စကားကို ရွေးချယ်သုံးနှုန်းရပါမယ်။ အဲ့လိုမဟုတ်ရင် ကျနော်တို့ ပြောတဲ့စကားက သူတစ်ပါးကို စိတ်ထိခိုက်စေပြီး ဘာကောင်းကျိုးမှ မရှိတော့ပါဘူး။

ကောင်းတဲ့စကား၊ နူးညံ့သိမ်မွေ့တဲ့စကား၊ ယဉ်ကျေးတဲ့စကားကို

ပြောရုံလေးနဲ့ မလုံလောက်သေးပါဘူး။ သင်ပြောတဲ့စကားက သင့်ရင်ထဲက သဘောရိုးရိုးနဲ့ ပြောတာမှ ဟုတ်ရဲ့လားဆိုတာ စမ်းစစ်ကြည့်ပါ။ ဟန်ဆောင်ပြောတဲ့စကားဆိုရင်တော့ သူတစ်ပါးကို ကောင်းကျိုးမဖြစ်တဲ့ အပြင် စိတ်နာစေမှာ ဖြစ်ပါတယ်။ အကျိုးမထိရောက်တော့ပါဘူး။ ဒါကြောင့် ကိုယ်ပြောတဲ့စကားက ကိုယ့်နှလုံးသားမှ လာရပါမယ်။ ယနေ့ဖတ်ရတဲ့ ဆာလံ ၁၉ လိုပေါ့၊ "ကျွန်ုပ်၏နှုတ်မှထွက်သောစကားများနှင့် ကျွန်ုပ်နှလုံးသား၏ အကြံအစည်များသည် ကိုယ်တော်၏မျက်မှောက်တော်၌ နှစ်လိုဖွယ်ရာဖြစ်ပါစေ" ။

အခုလို လူ့စကားတွေကတောင် လူတွေအပေါ်မှာ အကျိုးသက်ရောက်မှု အများကြီးရှိနေတယ်ဆိုမှတော့ ဘုရားသခင်ရဲ့စကားဆိုရင် ပိုပြီးအကျိုးသက်ရောက်မှုကြီးပါလိမ့်မယ်။ ဒါကြောင့်လည်းပဲ လူ့အဖြစ်ကို ယူတော်မူတဲ့သားတော်ဘုရားကို ရှင်ယောဟန်ရဲ့ကျမ်းစာထဲမှာ "နှုတ်တော်ထွက်စကား" လို့ ခေါ်ဝေါ်သုံးနှုန်းထားတာကို တွေ့ရပါတယ်။ "အစဦး၌ နှုတ်တော်ထွက်စကား ရှိတော်မူ၏။ နှုတ်တော်ထွက်စကားသည် ဘုရားသခင်နှင့်အတူ ရှိတော်မူ၏။ နှုတ်တော်ထွက်စကားသည်လည်း ဘုရားသခင် ဖြစ်တော်မူ၏" လို့ ရေးထားပါတယ်။ သခင်ယေဇူးက ဘုရားသခင်ရဲ့စကားတော်ဖြစ်တော်မူပါတယ်။ သခင်ယေဇူး မိန့်တော်မူတဲ့စကားတိုင်းဟာ ဘုရားသခင်ရဲ့စကား ဖြစ်ပါတယ်။ "နှုတ်တော်ထွက်စကားသည်လည်း လူ့ဇာတိအဖြစ်ကို ယူတော်မူ၍ ငါတို့အလယ်တွင် စံပယ်တော်မူ၏" လို့ ရေးထားတဲ့အတိုင်းပဲ ကျနော်တို့ လူသားတွေ ဘုရားရဲ့စကားကို ကြားနိုင်ဖို့ ဘုရားက လူ့အဖြစ်ကို ယူတော်မူတယ်။ ဒါကြောင့် သခင်ယေဇူးရဲ့နှလုံးသားက လာတဲ့စကားဖြစ်လို့ သခင်ယေဇူး မိန့်တော်မူခဲ့တဲ့စကားတိုင်းဟာ

ဘုရားဆီက လာတဲ့စကားတွေပါပဲ။ ဟုတ်ပါပြီ သခင်ယေဇူး မိန့်တော်မူတဲ့စကားတွေကို ကျနော်တို့ နားနဲ့ ကြားနိုင်ကြပါပြီ၊ ဒါပေမဲ့ နားနဲ့ကြားလိုက်ရတဲ့စကားတွေက ကျနော်တို့ နှလုံးသားတွေကို ပြောင်းလဲစေဖို့၊ နားလည်သဘောပေါက်လက်ခံနိုင်ဖို့အတွက်တော့ ဝိညာဉ်တော်ဘုရားရဲ့ တန်ခိုးကျေးဇူးတော်က ကူညီပါလိမ့်မယ်။

ယနေ့ဖတ်ရတဲ့ ရှင်လုကာကျမ်း ၄ မှာ "ထိုအခါ ယေဇူးသည် ဝိညာဉ်တော်၏တန်ခိုးနှင့် ပြည့်ဝလျက် ဂါလိလေယာနယ်သို့ ပြန်လာတော်မူ၏" တဲ့။ သခင်ယေဇူးဟာ သူ့သာသနာပြုလုပ်ငန်းကို မစတင်ခင်မှာ ရက်ပေါင်း ၄၀၊ ညပေါင်း ၄၀ တောကန္တာရမှာ အစာရှောင် ဆုတောင်းပြီး ပြန်လာတာကို ရေးထားပုံက "ဝိညာဉ်တော်၏တန်ခိုးနှင့် ပြည့်ဝလျက် ပြန်လာတော်မူ၏" လို့ ပါရှိပါတယ်။ ကျနော်တို့ ကြားနာရတဲ့ ဘုရားရဲ့စကားတွေကို တရားပေါက် နားလည်ပြီး ပြောင်းလဲနိုင်ဖို့ဆိုရင် ဝိညာဉ်တော်ရဲ့တန်ခိုးက ကူညီမှ ဖြစ်မြောက်မှာပါ။ ဟိုလိုဆိုရင် ဘုရားရဲ့စကားကို ကြားရတာပဲရှိမယ် ပြောင်းလဲချင်မှာ မဟုတ်ဘူး။ နားငြီးအောင် ကြားရပေမဲ့ မပြောင်းလဲတာတွေလည်း ရှိတာပါပဲ။ ဥပမာ - ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်နိုင်ပါသည်။ ခဏခဏ ကြားရလွန်းတော့ အဲ့ဒါလာတော့မယ်ဆို TV ကို ပိတ်လိုက်ပြီ၊ ကျော်လို့ရရင် ကျော်လိုက်ပြီ မဟုတ်လား။ နားကသာ ကြားနေတာ၊ အတွင်းစိတ်နှလုံးသားထဲကတော့ ငြင်းဆန်နေတယ်လေ။ ဘုရားရဲ့စကားကိုလည်း အဲ့ဒီလို ငြင်းဆန်နေတာအမျိုး မဖြစ်စေရအောင် ဝိညာဉ်တော်ရဲ့ ကျေးဇူးတန်ခိုးတော်ကို တောင်းခံဆုတောင်းရမယ်။ ကျမ်းစာစကား၊ ဩဝါဒစကားကို ကြားနာတဲ့အခါ အာရုံစိုက် နားထောင်ရပါမယ်။ ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာ နေဟေမိကျမ်းစာ ၈း၂ ထဲကလို "ရဟန်း အေဇရာသည် တရားဥပဒေကျမ်းကို လူထုပရိတ်သတ်ရှေ့မှောက်သို့

ယူဆောင်ခဲ့၏။ လူထုပရိတ်သတ်တွင် ယောကျ်ား၊ မိန်းမနှင့် နားလည်နိုင်သည့် ငယ်ရွယ်သူများလည်း ပါဝင်၏။ ရေတံခါးကို မျက်နှာမူလျက် ကွင်းပြင်ကျယ်တွင် နံနက်အချိန်မှစ၍ မွန်းတည့်အချိန်တိုင်အောင် လူထုပရိတ်သတ်ရှေ့မှောက်တွင် ဖတ်ပြလေ၏။ လူအပေါင်းတို့သည် တရားဥပဒေကျမ်းကို အာရုံစူးစိုက်လျက်နားထောင်ကြ၏။" တဲ့။ ကျမ်းစာကို နံနက်အချိန်မှစပြီး မွန်းတည့်ချိန်အထိ ဖတ်ပြတာ တဲ့။ ကျမ်းစာကို အဲ့လို မနက်အချိန်ကစပြီး မွန်းတည့်ချိန်အထိ ဖတ်ပြလို့ကတော့ ကျနော့်ဘာသာသူတွေဆိုရင် အိပ်ငိုက်ကြမှာ သေချာတယ်။ အခု ကျမ်းစာထဲမှာတော့ လူထုပရိတ်သတ်က "အာရုံစူးစိုက်ပြီး နားထောင်ကြ" သတဲ့။ အတုယူစရာ ကောင်းပါတယ်။ လူတွေက ပြောတဲ့စကား မဟုတ်ဘူးနော်၊ ဘုရားက မိန့်တော်မူတဲ့စကားဆိုတော့ ပိုပြီး အာရုံစိုက်ရမှာပေါ့။

ဒါကြောင့် ဘာသာသူတို့ ဘုရားက မိန့်တော်မူထားတဲ့ ကျမ်းစာစာအုပ်က သေးသေးလေးပါ။ မများပါဘူး။ ဘုရားရဲ့စကား၊ နှုတ်တော်ထွက်စကား ကျမ်းစာက သင့်ကို ဝမ်းမြောက်စေမယ်၊ ခွန်အားရစေမယ်။ ယနေ့ဖတ်ရတဲ့ ဆာလံထဲကလိုပဲ "ထာဝရဘုရား၏ ဥပဒေတို့သည် မှန်ကန်ကြ၍ စိတ်နှလုံးအား ဝမ်းမြောက်ရွှင်လန်းစေ၏" တဲ့။

ဒါကြောင့် ယေဇူးဘုရားရှင်ရဲ့စကားတော်တွေက လူတွေကို အပြစ်ရဲ့ဆိုးကျိုးတွေမှ လွတ်မြောက်စေဖို့ ဖြစ်ပါတယ်။ "ဆင်းရဲသားတွေကိုတောင် ဝမ်းမြောက်စေတဲ့သတင်းကောင်း" တဲ့။ ယနေ့ ယေဇူးဘုရားရှင် နာဇရက်မြို့က တရားဇရပ်မှာ ဖတ်လိုက်ရတဲ့ကျမ်းပိုဒ်က "ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် ငါ့အပေါ်၌ရှိတော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ဟောပြောစေခြင်းငှါ ကိုယ်တော်သည် ငါ့ကို ဆီဖြင့် လိမ်းကျံတော်မူပြီ။

ချုပ်နှောင်ခံရသောသူတို့အား လွတ်ငြိမ်းခြင်းကို ကြေညာရန်နှင့် မျက်စိမမြင်သောသူတို့အား မျက်စိအလင်းကို ပေးရန်လည်းကောင်း၊ ဖိနှိပ်ခံရသောသူတို့အား ကယ်တင်စေခြင်းငှါလည်းကောင်း၊ ထာဝရဘုရား၏ ကျေးဇူးတော်မင်္ဂလာနှစ်ကို ကြေညာရန်လည်းကောင်း ကိုယ်တော်သည် ငါ့ကို စေလွှတ်တော်မူ၏"။ ဒါကြောင့် ယေဇူးဘုရားရှင် မိန့်တော်မူတဲ့စကားတွေအားလုံးက သင့်ကို လွတ်မြောက်စေဖို့ပါ။ သင့်ကို ချုပ်ထားဖို့ မဟုတ်ပါဘူး။ သင်က ဒေါသနဲ့ မွန်နေသလား လွတ်မြောက်စေပါလိမ့်မယ် ကျမ်းစာစကားကိုသာ ဖတ်ပြီး ဆင်ခြင်ပါ။ သင်က လောဘနဲ့ မှိုင်းမိနေသလား၊ လွှတ်မြောက်စေပါလိမ့်မယ်၊ ဘုရားရဲ့စကားတွေကိုသာ ဖတ်ပါ။ ကျမ်းစာကို ဖတ်၊ ဩဝါဒကို နားထောင်၊ စဉ်းစားဆင်ခြင် ဆုတောင်းဖို့ အချိန်ပေး ဒါဆိုရင် သင်ဟာ လွတ်မြောက်လာပါလိမ့်မယ်။ ဘုရားရဲ့သားသမီးအဖြစ် လွတ်လွတ်လပ်လပ် ရှင်သန်နိုင်ပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။